.mgyoe.com

SAMPLE BOOK

# သက်လုံ

# သားငယ်ရှယ်လူး
# သိစေဦး

ငါ့စိတ်ဟာ ငါ့တိုင်းပြည်

၄



mgyoe.com

mgyoe.com SAMPLE BOOK

စိတ်ထားကောင်းရင် ကိုယ့်လောကဟာ ကောင်းမယ်၊ စိတ်ယုတ်မာ ထားရင် ကိုယ့်လောကဟာ ယုတ်မာတဲ့ လောကပဲ ဖြစ်လိမ့်မယ် သားငယ်၊ မင်းရဲ့ လောကအမြင်ကို မြှင့်ပေးမယ်၊ အဆင့်မြင့်မြင့် ကျင့်ကြံ နေထိုင်မယ်၊ တွေးတောဆင်ခြင်မယ်၊ တခြားသူတွေရဲ့အကျိုးကို သယ်ပိုး ဆောင်ရွက်မယ် ဆိုရင် မင်းရဲ့ဘဝဟာ ပျော်ရွှင်စရာ ကောင်းတဲ့ဘဝ၊ မျှော်လင့်ချက်တွေ ဝေဆာနေတဲ့ဘဝ၊ မင်္ဂလာရှိတဲ့ဘဝ ဖြစ်လာလိမ့်မယ် ဆိုတာ အဘ အာမခံနိုင်ပါတယ် သားငယ်။

*ငါ့မိတ်ဆွေ ငါ့တိုင်းပြည် မှ*

WISDOM HOUSE

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

- လိမ္မာတဲ့လူဟာ ဘဝဆိုက ရစရာကို သိပ်မျှော်လင့်မထား ရဘူး ဆိုတာ နားလည်တယ်။ သူဟာ အောင်မြင်မှုပန်းကို တန်ဖိုးရှိရှိ မှန်ကန်တဲ့ နည်းလမ်းတွေနဲ့ ရယူဖို့ ကြိုးစားတဲ့ ကြားကပဲ မအောင်မမြင် ဖြစ်ရမှုတွေအတွက် အသင့်ပြင် ထားပါတယ်။ အသက်ရှင်နေမယ့် အနာဂတ်ကို မျှော်လင့် နေတဲ့ကြားက သေဖို့အတွက် အသင့်ပြင်ထားတယ်။ ပျော်ရွှင်မှုအတွက် စိတ်ကို ဟင်းလင်း ဖွင့်ထားချိန်မှာပဲ ဒုက္ခခံစားမှုတွေကို စိတ်ရှည်ရှည်နဲ့ သည်းခံနေတယ်။

ငါ့စိတ်ဟာ ငါ့တိုင်းပြည် မှ

- ခေတ်မီ စိတ္တဗေဒ ပညာရပ်မှာ တွေ့ရှိထားတာက 'သူ တတ်နိုင်တယ်လို့ ထင်နေတဲ့လူဟာ တတ်နိုင်တဲ့ စွမ်းအား ကို အလျှင်အမြန် တည်ဆောက်နေတာပဲ ဖြစ်တယ်' လို့ ဆိုတဲ့ အချက်ပဲ။ ဒါဟာ စမ်းသပ်ကြည့်လို့ ရတဲ့ နိယာမပါ။ မင်း လုပ်ချင်တာကို မင်းဟာ "ငါ အဲဒါကို လုပ်နိုင်တယ်" လို့ ငွဲကောင်းကောင်းနဲ့ အထပ်ထပ်အဖန်ဖန် တွေးတော နေကြည့်ပါ။ မကြာခင် မင်း တကယ် လုပ်နိုင်လာတာကို တွေ့ရလိမ့်မယ်။



mgyoe.com

mgyoe.com SAMPLE BOOK

❑ အလေ့အကျင့်တစ်ခုဟာ ဝသီစရိုက် ဖြစ်လာတော့ လူကို ချုပ်မိသွားပြီး အလေ့အကျင့်ဟာလည်း မကောင်းတဲ့ အလေ့အကျင့်တစ်ခု ဖြစ်နေတယ် ဆိုပါတော့။ လူကို ချုပ်မိသွားတဲ့ အချိန်ကျမှ လူက ဖြတ်တောက်ချင်လာ တယ် ဆိုပါတော့၊ "ဖြစ်နိုင်ပါ့မလား" လို့ သားငယ်က မေးမယ်။ အဘက "သိပ်ဖြစ်နိုင်တာပေါ့" လို့ ပြန်ဖြေရ မှာပဲ။

*အလေ့အကျင့်မှသည် ဝလေ့စရိုက်ဆီ မှ*

❑ တိုင်းပြည် အဆင့်အတန်း မြင့်စေချင်ရင် လူမျိုးကို ယဉ် ကျေးစေရမယ်။ မှန်ကန်တဲ့ အတွေးအခေါ်ကို တွေးခေါ် စေရမယ်။ ပထမဆုံး ပြုပြင်ရမှာက အောက်တန်းအကျ ဆုံး စိတ်ထားကို ပြုပြင်ရမှာပဲ။ အဲဒါဟာ ဘာလဲ ဆိုတော့ ကိုယ်ကျိုးကို ရှေ့တန်းတင်ချင်တဲ့ စိတ်ပဲ။ ဘယ်သူသေ သေ ငတေမာရင် ပြီးရော ဆိုတဲ့ စိတ်မျိုးပေါ့။ ဒီစိတ်ဟာ ကလေးတွေမှာသာ ရှိတတ်တယ်။ အဲ ... လူကြီးတွေမှာ ရှိနေတာ တွေ့ရင် အဲဒီ လူကြီးဟာ လူကောင်သာ ကြီး လာတယ်၊ စိတ် လူလားမမြောက်ဘူးလို့ သားငယ် မှတ် လိုက်ပါ။


mgyoe.com

mgyoe.com SAMPLE BOOK

WISDOM HOUSE
စာအုပ် ၁၂၅

# သားငယ်ရှယ်လူး သိစေဦး-၄

ငါ့စိတ်ဟာ ငါ့တိုင်းပြည်

သက်လုံ

WISDOM HOUSE

☎ ၀၁-၅၄၅၀၃၆၊ ၀၉-၅၀၅-၈၅၃၃၊ ၀၉၄၉-၂၈၈၉၄၈
*wisdomhouse.mm@gmail.com*

mgyoe.com

mgyoe.com SAMPLE BOOK

| | |
|---|---|
| ပထမအကြိမ် | ၁ - ဩဂုတ်လ၊ ၂၀၀၀ ပြည့်နှစ်။ |
| | ၂ - ဒီဇင်ဘာလ၊ ၂၀၀၁ ခုနှစ်။ |
| ပထမအကြိမ် | ၁+၂ နှစ်အုပ်ပေါင်း၊ စာပေလောက၊ |
| | ဇွန်လ၊ ၂၀၀၃ ခုနှစ်။ |
| ပထမအကြိမ် | သီးခြားအတွဲ ၄၊ Wisdom House |
| | ဩဂုတ်လ၊ ၂၀၁၄ ခုနှစ်။ |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသူ | ဦးမောင်မောင် |
| | Wisdom House စာအုပ်တိုက် |
| | အခန်း ၁၀၁၊ တိုက် ၁၁၉၁-၁၁၉၂ |
| | လက်ဝဲမင်းဒင်လမ်း၊ |
| | မေတ္တာညွန့်ရပ်ကွက်၊ |
| | တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးဇော်မြင့်ဝင်း |
| | ကာလာဇုန်ပုံနှိပ်တိုက် |
| | ၁၈၄၊ ၃၁-လမ်း၊ ရန်ကုန်။ |
| မျက်နှာဖုံး | လင်းဝဏ္ဏ |
| တန်ဖိုး | ၁၀၀၀ ကျပ် |

၁၃၁. ၃

သက်လုံ

သားငယ်ရှယ်လူး သိစေဦး (ငါ့စိတ်ဟာ ငါ့တိုင်းပြည်)

/သက်လုံ၊ - ရန်ကုန်၊

Wisdom House စာအုပ်တိုက်၊ ၂၀၁၄။

၁၃၁ စာ၊ ၁၀. ၃ x ၁၆. ၃ စင်တီ။

(၁) သားငယ်ရှယ်လူး သိစေဦး(ငါ့စိတ်ဟာ ငါ့တိုင်းပြည်)

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


❑ စိစဉ်သူ၏ မေတ္တာစကား က
၁။ ခိုင်မြဲတဲ့စိတ် ၁
၂။ လူလောကရဲ့ သဘာဝဓမ္မ ၁၅
၃။ ဝန်တိုစိတ်၏ လားရာ ၁၈
၄။ သန္တေတည် စွမ်းရည် ၂၄
၅။ သဘာဝရဲ့ လက်ဆောင် ၃၁
၆။ ထားရမယ့် စိတ် ၃၈
၇။ အလေ့အကျင့်မှသည် ဓလေ့စရိုက်ဆီ ၄၅
၈။ စိတ်ခံစားမှု အဆောက်အအုံ ၅၂
၉။ ဒေါသနှင့် ဂယက် ၅၉
၁၀။ ဘဝနှင့် စိတ်ခံစားမှု ၆၇
၁၁။ ငါ့စိတ်ဟာ ငါ့တိုင်းပြည် ၇၄
၁၂။ သဘာဝရဲ့ စစ်ဆေးချိန် ၈၁
၁၃။ ဘဝရဲ့ လေအိတ်ကလေးတွေ ၈၈
၁၄။ စိတ်နှင့် နှလုံးသားကို ဖွင့်ထားပါ ၉၅
၁၅။ ဘဝ၏ လားရာ ၁၀၂
၁၆။ ဘဝပြောင်းနိုင်တဲ့ စိတ်နေစိတ်ထား ၁၁၀
၁၇။ ယှဉ်ပြိုင်မှု စွမ်းအင် ၁၁၇


mgyoe.com

mgyoe.com SAMPLE BOOK

## စီစဉ်သူ၏ မေတ္တာစကား

ဆရာသက်လုံရဲ့ သားငယ်ရွယ်လူး သိစေဦး စာအုပ်ကို ပေါ့ပေါ့ပါးပါး လွယ်လွယ်ကူကူ သယ်ဆောင်လို့ရတဲ့ စာအုပ်ငယ်လေးတွေအဖြစ် ထုတ်ဝေခဲ့ရာမှာ အခုစာအုပ်က စတုတ္ထနဲ့ နောက်ဆုံးအတွဲငယ် ဖြစ်ပါတယ်။ ပထမစာအုပ်က *'ပျော်စရာအစစ်ရဲ့ တည်မှီရာ'*၊ ဒုတိယစာအုပ်က *'အောင်မြင်ခြင်းရဲ့ လျှို့ဝှက်ချက်'*၊ တတိယစာအုပ်က *'လူစွမ်းကောင်းဖြစ်ချင်ရင် အလုပ်လုပ်ပါ'* ဆိုတဲ့ခေါင်းစဉ်တွေဖြစ်ပြီး အခုစာအုပ်ကိုတော့ *'ငါ့စိတ်ဟာ ငါ့တိုင်းပြည်'* လို့ အမည်ပေးထားပါတယ်။

စာအုပ်တစ်အုပ်ချင်းဆီမှာ သက်ဆိုင်ရာခေါင်းစဉ်တွေအလိုက် သင့်လျော်မယ့် စာမူများကို စုစည်းခဲ့ရာမှာ ယခုစာအုပ်ငယ်ထဲမှာတော့ လူတွေမှာ စိတ်သာအဓိက၊ ကိုယ့်စိတ်ထဲမှာ ကိုယ်ဟာ ဘုရင် ဖြစ်နိုင်သလို ကိုယ်ဟာ ကျေးကျွန်လည်း ဖြစ်နိုင်ပါတယ် ဆိုတဲ့ ဆရာ အာဘော်


mgyoe.com

mgyoe.com SAMPLE BOOK

နဲ့ ကိုက်ညီတဲ့ စိတ်ခွန်အားပေး လမ်းညွှန်စာများ ပါဝင်ပါတယ်။ ဆရာသက်လုံရဲ့ အခု စာတွေကို ဖတ်ကြည့်ရင် သားငယ်တွေရော၊ သမီးငယ်လေးတွေကိုပါ ကိုယ်စားပြုတဲ့ လူငယ်လေးတွေ အရေးကို အဖက်ဖက်က စဉ်းစားပြီး ရှု့ထောင့်ပေါင်းစုံက မြော်မြင် ရေးသားထားတာကို တွေ့နိုင်ပါလိမ့်မယ်။

ဒါကြောင့်မို့ လူငယ်လေးတွေအနေနဲ့ ဒီစာအုပ်တွဲထဲက ဘယ်တစ်ပုဒ် ကိုပဲဖြစ်ဖြစ် နှစ်သက်ရာတစ်ပုဒ်ပုဒ်ကို မြည်းစမ်း ဖတ်ကြည့်စေချင်လှပါတယ်။ ဆရာ့စေတနာနဲ့ ကိုယ့်ဘဝ ရှေ့ရေးအတွက် ဉာဏ်အလင်းတစ်စ ရရင်ကိုပဲ စီစဉ်သူနဲ့အဖွဲ့ ဝမ်းသာပီတိ ဖြစ်ရပါလိမ့်မယ်။

အခုစာအုပ်တွဲတွေ စတင်ဖြစ်ပေါ်လာအောင် စေ့ဆော်ပေးရုံမျှမက ဆောင်းပါးတစ်ပုဒ်ချင်း ဖတ်ပြီး ခေါင်းစီး လှလှလေးတွေ ရွေးပေးတဲ့ ဆရာရဲသျှမ်း၊ လေးအုပ်တွဲမှာ တစ်အုပ်ကို ပန်းချီကား တစ်ချပ်စီနဲ့ စိတ်ကူးဒီဇိုင်း ဆင်ပေးတဲ့ ဆရာဗဂျီလင်းဝဏ္ဏ၊ စာအုပ်ဖြစ်မြောက်ရေးမှာ စိတ်ရောကိုယ်ပါ ပါဝင်ဖြည့်ဆည်းပေးကြတဲ့ စာတည်း ကိုအေးကျော်မင်း၊ ကိုမျိုးဝင့်ဇော်နှင့် ကိုမျိုးဇော်အောင်အပြင် Wisdom House အဖွဲ့သားများ စသဖြင့် အဘက်ဘက်ကနေ ဝိုင်းဝန်းကူညီပေးကြသူတွေ အားလုံးရဲ့ကျေးဇူးကို ဒီနေရာကနေ မှတ်တမ်းတင်ပါရစေ။



mgyoe.com

mgyoe.com
SAMPLE BOOK

ဆရာ့စာကို နှစ်သက်သလို ကိုယ့်အတွက် တစ်ခုခု ကျန်တယ် ဆိုရင် ဆရာ့ရဲ့မေတ္တာ စေတနာနဲ့ ကျေးဇူးကို ကျွန်တော်တို့တွေ ဝိုင်းဝန်း အောက်မေ့ ဆင်ခြင်ကြရ အောင်ပါလို့ မေတ္တာစကား မျှဝေပါရစေ။

ကြည်ရွှန်း
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်။



mgyoe.com

mgyoe.com SAMPLE BOOK

# ခိုင်မြဲတဲ့ စိတ်ဓာတ်

သားငယ်

တချို့လူတွေက 'ငါ့ကံအကြောင်းတရားက ဒါလောက်သာပဲမို့ ငါ ဒါလောက်နဲ့ပဲ ကျေနပ်နေရမှာပဲ' ဆိုတဲ့ အယူအစွဲနဲ့ နေနေကြတယ်။ သူတို့အထင်က ကံက သူတို့ကို လက်ရှိ အနေအထားအတိုင်း ပုံလောင်းလိုက်ပြီ။ ဒီတော့ ရှိတာကလေးနဲ့ ကျေနပ်ရမှာပေါ့လို့ သူတို့ ယုံကြည်နေကြတယ်။ ဒီယုံကြည်ချက်ဟာ မှားယွင်းတယ် သားငယ်။ ဒါမျိုးကို စိတ်သဘာဝပညာရှင်တွေက 'သဘာဝအလျောက် ကန့်သတ်ထားမှု'လို့ ခေါ်ကြတယ်။

ဒီမှာ အဘ သိထားသလောက် ပြောပြမယ်။ လူ့စိတ်ဆိုတဲ့ အရာရဲ့ လျှို့ဝှက်ဆန်းကြယ်ချက်တွေကို သိပ္ပံနည်းကျ သုတေသနပြုလိုက်တော့ အံ့ဩဖွယ်ကောင်းလှတဲ့ အစွမ်းသတ္တိ ကမ္ဘာ၊ ဖြစ်နိုင်ခြေရှိတဲ့ ကမ္ဘာကြီးကို ဘွားခနဲ သွားတွေ့ကြတော့တယ်လေ။

စိတ္တဗေဒက အမှန်တရားအဖြစ် လက်ခံထားတာက စိတ်တစ်ခုက လုပ်နိုင်တာကို တခြား စိတ်က လုပ်နိုင်တာပဲ။ စိတ်



mgyoe.com

mgyoe.com


တစ်ခုမှာ ဖြစ်နိုင်တာဟာ တခြားစိတ်မှာလည်း ဖြစ်နိုင်တယ်။ ပြီးတော့ စိတ်တိုင်းရဲ့ စွမ်းဆောင်နိုင်မှုဟာ တို့ ထင်ထားတာထက် အဆပေါင်းများစွာ ကြီးမားလှပါတယ် ဆိုတဲ့ အချက်ပဲ။

လူသားတွေမှာ မွေးရာပါ စွမ်းအင်သတ္တိနဲ့ နောင်မှ လေ့ကျင့်ပျိုးထောင်ယူလို့ရတဲ့ အစွမ်းသတ္တိ ဆိုတာတွေ ရှိတယ်။ အဲဒါတွေဟာ စိတ်တိုင်းမှာ ရှိတာပဲ။ သူ့မှာ ရှိတယ်၊ ငါ့မှာတော့ မရှိဘူးလို့ ဘယ်တော့မှ မဟုတ်ဘူး။ အားလုံးမှာ ရှိကြတာချည်းပဲ။

ကဲ ... ကွာခြားတာတော့ ရှိတယ်။ အဲဒါက တိုးတက်ကောင်းမွန်အောင် လေ့ကျင့်ပျိုးထောင်ရာမှာ ရရှိတဲ့ ဒီဂရီအဆင့်ပဲ။ ဒါပဲ ကွာခြားတယ်။ အမျိုးအစားအားဖြင့် ကွာခြားတာ မဟုတ်ဘူး။

နောက်ရှိသေးတာက လူမျိုးအလိုက်၊ မိဘမျိုးရိုးအလိုက် ကွာခြားတာမျိုးလည်း ရှိတော့ရှိပါတယ်။ ဒါပေမဲ့ အဘ ပြောချင်တာက ငါ့မှာ ရှိတဲ့ စွမ်းရည်၊ ငါ့မှာ ရှိတဲ့ တန်ခိုးအစွမ်း အဲဒါတွေဟာ မွေးရာပါအတိုင်း 'အသေ' ရှိနေတယ်လို့ ဘယ်တော့မှ မရှုမြင်ရဘူး။ ဒါတွေဟာ အရည်အသွေး တက်လာအောင် လေ့ကျင့် ပျိုးထောင်ယူလို့ ရတယ်။ ဒါတွေဟာ ဆံပင်တွေ၊ လက်သည်းတွေလို ထာဝစဉ် တိုးပွား ဖြစ်ပေါ်နေတယ် ဆိုတာကို နားလည် လက်ခံထားရမယ် သားငယ်ရဲ့။ ဒါဟာ သိပ္ပံနည်းကျ သုတေသနပြုမှုတွေက ထွက်ပေါ်လာတဲ့ ရလဒ်ပဲလေ။

ကဲ ... အခုက စပြီး မင်းကိုယ်မင်းရော မင်းဘဝကိုပါ မင်း ကြုံတွေ့နေရတဲ့ အခြေအနေတွေ၊ အရာဝတ္ထုတွေ၊ လူတွေ


mgyoe.com

mgyoe.com


ကိုရော အမြင့်စား ရှုကြည့်ပုံမျိုးနဲ့ ကြည့်စမ်းပါ။ ပိုမို ကောင်းမွန်တာတွေ၊ ပိုမို ကြီးမြတ်တာတွေကို စိတ်နဲ့ သုံးသပ်လိုက်တဲ့ အခါမှာ မင်းဟာ သိသိကြီးနဲ့ရော မသိဘဲနဲ့ရော ပိုကောင်းတာ၊ ပိုကြီးမြတ်တာကို လက်လှမ်းနေတာပဲ ဖြစ်တယ်။

ပိုကောင်းတာ၊ ပိုကြီးမြတ်တာကို ရှာဖွေ ရွေးထုတ် ရှုမြင်တတ်လာရင် မင်းရဲ့ တစ်ကိုယ်လုံးဟာ တိုးတက်မှု စိတ်ဓာတ်နဲ့ ပြည့်လျှမ်းလာမယ်။ ဒီတော့ မင်းရဲ့ လုပ်ကိုင်မှု စွမ်းရည်တွေဟာလည်း ပိုမိုအားသန်လာပြီး မင်းရဲ့အစွမ်းသတ္တိဟာ တိုးပွားလာရပါလိမ့်မယ် သားငယ်။ စိတ်ကမ္ဘာထဲမှာဖြင့် မင်းဟာ ရှေ့ကို လှမ်းနေပါပြီ။ အဲဒီတော့ မကြာခင်မှာပဲ မင်းရဲ့ ရုပ်ကမ္ဘာမှာလည်း ပြောင်းလဲမှုဟာ မုချ ဖြစ်လာရပါတယ်။ တစ်နေရာမှာ တိုးတက်လာတယ် ဆိုရင် နောင်ကို တစ်နေရာပြီး တစ်နေရာ တိုးတက်လာရစမြဲပါ သားငယ်ရယ်။ သံသယ မရှိပါနဲ့။ အဘရဲ့ ကိုယ်တွေ့ပါ။

'ငါ လုပ်နိုင်တယ်' ဆိုတဲ့ ခိုင်မြဲတဲ့ စိတ်ဓာတ်ကိုသာ ဖမ်းဆုပ်ထားလိုက်စမ်းပါ၊ မင်းဟာ အောင်မြင်မှု သဘောထားအမြင်ဆီ ပေါက်တဲ့ တံခါးရဲ့ သော့ချက် (ဝါ) သော့တံကို ရထားပြီလို့သာ မှတ်ယူလိုက်ပေတော့။ မင်းဟာ အောင်မြင်တယ် ဆိုတာကို သိထားစမ်းပါ။ အဲဒီ အသိ၊ အဲဒီ ယုံကြည်မှုနဲ့ တွေးတောပါ၊ ကြံဆပါ၊ နေထိုင်ပါ၊ ပြုမူပါ၊ "ငါ့ရည်ရွယ်ချက်ဟာ အောင်မြင်ဖို့ပဲ၊ ပြီးတော့ ဒါကို ငါ တတ်နိုင်တယ်" ဆိုတဲ့ ဝါကျကလေးကို မင်းအတွက် သက်စောင့်ဂါထာကလေးလို သဘော


mgyoe.com

mgyoe.com

SAMPLE BOOK

ထားပြီး စွဲမြဲထားစမ်းပါ။ လိုအပ်ရင် အကြိမ် တစ်သောင်း လောက် ရွတ်ပစ်လိုက်စမ်းပါ။

ဒီလို စိတ်ဓာတ်မျိုး မင်းကိုယ်မှာ ကိန်းအောင်းပြီ ဆိုရင်ပဲ မင်းဘဝဟာ အံ့သြလောက်ပါပြီလေ။ ခေတ်အဆက်ဆက်က အသိပညာ မော်ကွန်းဘဏ္ဍာတိုက်ကြီးထဲ သွားပြီး ရှာကြည့်ပါ။ ကမ္ဘာအနှံ့အပြား သွားပြီး အောင်မြင်မှုရဲ့ ပဟေဠိဆန်လှတဲ့ လျှို့ဝှက်ချက်ကို ဖော်ထုတ် ရှာဖွေကြည့်ပါ။ နောက်ဆုံးမှာ မင်း ဟာ စကားလုံး လေးလုံးမျှသာ ရှိပေမဲ့ စွမ်းအား ကြီးမားလှတဲ့ 'ငါ တတ်နိုင်တယ်' ဆိုတဲ့ စကားကလေးကိုသာ မင်း တွေ့ရမှာ ပါ သားငယ်။

ခေတ်မီ စိတ္တဗေဒပညာရပ်က တွေ့ရှိထားတာက 'သူ တတ်နိုင်တယ်လို့ ထင်နေတဲ့လူဟာ တတ်နိုင်တဲ့ စွမ်းအားကို အလျှင်အမြန် တည်ဆောက်နေတာပဲ ဖြစ်တယ်' လို့ ဆိုတဲ့ အချက်ပဲ။ ဒါဟာ စမ်းသပ်ကြည့်လို့ ရတဲ့ နိယာမပါ။ မင်း လုပ်ချင်တာကို မင်းဟာ "ငါ အဲဒါကို လုပ်နိုင်တယ်" လို့ ဇွဲ ကောင်းကောင်းနဲ့ အထပ်ထပ်အဖန်ဖန် တွေးတောနေကြည့် ပါ။ ပုတီး စိပ်သလို လုပ်နေကြည့်ပါ။ မကြာခင် မင်း တကယ် လုပ်နိုင်လာတာကို တွေ့ရလိမ့်မယ်။

အဲဒါ အံ့ဖွယ်သရဲ ထူးဆန်းမှုလို့ ထင်သလား။ မဟုတ်ပါ ဘူး သားငယ်။ စိတ်ရဲ့ အလုပ် လုပ်ပုံက အဲဒီလိုပဲ ဖြစ်နေလို့ ပါ သားငယ်ရဲ့။ မှတ်သားဖို့ရာ နောက်ခံ သဘောတရားကတော့ 'ငါ လုပ်နိုင်တယ်' ဆိုတဲ့ သဘောထားအမြင်ကို လက်ခံလိုက်ပြီ


mgyoe.com

mgyoe.com

SAMPLE BOOK

ဆိုရင်ပဲ စိတ်ဟာ အဲဒီကိစ္စအတွက် လိုအပ်တဲ့ စွမ်းအင်တွေကို တစ်ကိုယ်လုံးကနေ ဖော်ထုတ်ပြီး မွမ်းမံတည်ဆောက် အားဖြည့် အသုံးချလို့ပဲ သားငယ်။ ကြာတော့ ဒီစွမ်းအင်တွေဟာ ကြံ့ခိုင် အားကောင်းလာပြီး မင်း တကယ် လုပ်နိုင်တော့တာပေါ့။ ဒါဟာ အဆန်း မဟုတ်ပါဘူး။

ပြင်သစ်ဘုရင် နပိုလီယံဟာ အီတလီကို တိုက်ဖို့ လုပ်တော့ ဘယ်လိုမှ ကျော်လွှားလို့ မရနိုင်ဘူးလို့ ထင်ရတဲ့ အဆီးအတားကြီးနဲ့ ရင်ဆိုင်ရတယ်။ အဲဒါဟာ ဘာလဲဆိုတော့ မြင့်မားလှတဲ့ အဲ့လ်ပ် *(Alps)* တောင်တန်းကြီးပဲ။ အဲဒီ ပတ်ဝန်းကျင်က လူတွေက ဘယ်လိုမှ မကျော်နိုင်ဘူးလို့ ယူဆထားတဲ့ တောင်တန်းကြီးပေါ့။ ဒါပေမဲ့ 'မဖြစ်နိုင်ဘူး' ဆိုတာ နပိုလီယံရဲ့ ဝေါဟာရမှာ မရှိလေတော့ နပိုလီယံဟာ မလျှော့သော ဇွဲလုံ့လနဲ့ ကြံတော့တာပေါ့။ သူက 'ငါ တတ်နိုင်တယ်' ဆိုပြီး အောင်နိုင်ဖို့ သန္နိဋ္ဌာန်ချလိုက်တယ်။ သူ့တပ်တွေ တောင်တစ်ဖက်စောင်းကို လျှောဆင်းလာကြတော့ အီတလီ နိုင်ငံသူနိုင်ငံသားတွေ မျက်လုံးပြူးကုန်ကြတော့တာပေါ့။

ဒီတင် နပိုလီယံဟာ အီတလီကို အောင်နိုင်ရတော့တယ်။ ကဲ ... ကြည့်လေ သားငယ်။ သူ့အတွက် အကြီးမားဆုံး ဖြစ်တဲ့ အဆီးအတားကြီးကပဲ သူ့ကို အောင်ပန်း ဆွတ်နိုင်ဖို့ သေချာပေါက် လုပ်ပေးတာ ဖြစ်သွားရတယ်။

သားငယ်ရဲ့ ဘဝမှာ ကြုံတွေ့ရတဲ့ အခက်အခဲတွေ အားလုံးဟာလည်း ဒီလိုချည်းပါပဲ သားငယ်။ အဆီးအတားတွေ၊


mgyoe.com

mgyoe.com SAMPLE BOOK

အကန့်အသတ် အချုပ်အချယ်တွေ ဆိုတာတွေကို အမြင့်စား သဘောထားအမြင်နဲ့ ကြည့်ရှုလိုက်ရင် အဲဒါတွေဟာ အောင်မြင်မှုအတွက် နင်းတက်စရာ ကျောက်တုံးတွေအဖြစ် မလွဲမသွေ ရောက်ကြရပါတယ်။

အဲဒီလို အဆီးအတားတွေနဲ့သာ မတွေ့ဘူးဆိုရင် သားငယ်ရဲ့ ကိုယ်ထဲမှာ တိမ်မြုပ် ငုပ်လျှိုးနေတဲ့ အစွမ်းအစတွေဟာ ထွက်လာပါ့မလား။

ဒါကြောင့် အဲဒီလို အဆီးအတား အခုအခံတွေကို မြုပ်နေတဲ့ စွမ်းအားတွေ ပေါ်ထွက်ဖို့ အခွင့်အလမ်းတွေပဲလို့ တင်စား ပြောဆိုကြတာ ဖြစ်တယ်။ ဒါတွေကို ဖြတ်ကျော်လိုက်ပြီးတာနဲ့ တစ်ပြိုင်နက် သားငယ်ဟာ သန်စွမ်းလာရတယ်။ ငါတို့ မြင်နေရတဲ့ ပန်းတိုင်ဆီကို ဒါတွေက ဦးဆောင် ခေါ်သွားမှာ ဖြစ်တယ်။

ဒါကြောင့် ခုချိန်က စပြီး သားငယ်ဟာ အခက်အခဲ၊ အဆီးအတား၊ အပိတ်အဆို့နဲ့ ကြုံလေတိုင်း 'ငါတော့ အောင်မြင်စရာ အလားအလာတော့ ကြုံတွေ့ရပြီကော'လို့ စိတ်ထဲက ရှုမြင်လိုက်ပါ။ အဲဒီလို ရှုမြင် သုံးသပ်လိုက်ပြီးတာနဲ့ တစ်ပြိုင်နက် 'ငါ တတ်နိုင်တယ်'လို့ ကြုံးဝါးလိုက်ပါ။

ခေတ်အဆက်ဆက်မှာ ကြီးမြတ်ပြီး အောင်မြင်မှုကို မုချပေးစွမ်းတဲ့ အဲဒီ ဂါထာလေးကို သတိရလိုက်စမ်းပါ သားငယ်။


mgyoe.com

mgyoe.com SAMPLE BOOK

# လူလောကရဲ့ သဘာဝဓမ္မ

သားငယ်

လူဟာ ကြီးမားလှတဲ့ ကမ္ဘာကြီး နှစ်ခုရဲ့ နယ်စပ်မှာ ရပ်တည်နေပါတယ်။ တကယ်သုံး စွမ်းအား ဆိုတဲ့ ကမ္ဘာနဲ့ သန္ဓေတည် စွမ်းအားဆိုတဲ့ ကမ္ဘာကြီး နှစ်ခုပဲ ဖြစ်တယ်။ ကမ္ဘာတစ်ခုထဲမှာ မက်သမျှ အိပ်မက်တွေကို တခြား ကမ္ဘာတစ်ခုမှာ အကောင်အထည် ဖော်တယ်။ ဘာဖြစ်လို့လဲ ဆိုတော့ စိတ်ကူးနိုင်တဲ့ စွမ်းရည်ဟာ လက်တွေ့ လုပ်ဆောင်နိုင်တဲ့ စွမ်းအားပဲ ဖြစ်တယ် သားငယ်။ အဘ ပြောတာကို သေသေချာချာ နားလည်အောင် ကြိုးစားပါနော်။ စိတ်ကူးနိုင်တဲ့ စွမ်းရည်လို့ ပြောတယ်။ စိတ်ကူးနေနိုင်တယ်လို့ မပြောဘူး။ စိတ်ကူး ထုတ်တာကို ပြောတာပဲ သားငယ်။ စိတ်ကူး ထုတ်နိုင်တဲ့ စွမ်းရည်ပေါ့။

စိတ်ကူးထုတ်တာနဲ့ လက်တွေ့ လုပ်တယ် ဆိုတာ အခြေခံသဘောတရား တစ်ခုတည်းရဲ့ ဘက် နှစ်ဖက် ဖြစ်တယ်။ စိတ်ရဲ့ အပြင်ဘက်နဲ့ အတွင်းဘက်ပဲ။ စွမ်းအား တစ်ခုတည်းက နှစ်ခုစလုံးကို ဖန်တီးပြီး နှစ်ခုစလုံးကို ထိန်းကွပ်တယ်။ စိတ်ရဲ့



mgyoe.com

mgyoe.com SAMPLE BOOK

အမြင့်ပိုင်း နိယာမတွေကို လိုက်နာပြီး မှန်ကန်တဲ့ နည်းလမ်းတွေကို သစ္စာရှိရှိ စပ်ဟပ် သုံးစွဲသွားမယ် ဆိုရင် အရာရာကို လက်တွေ့ နယ်ပယ်ထဲကို ဆွဲသွင်းလာတယ်။

ဒါကြောင့် လူတိုင်း လူတိုင်းဟာ မျှော်လင့်ချက်တွေနဲ့ စိတ်ကူးတွေကို ယုံကြည်မှု ထားရမယ်။ ဘောင် အကန့်အသတ် မရှိတဲ့ ယုံကြည်မှုကို ပြုစုပျိုးထောင်ရမယ်။ အဲဒီ ယုံကြည်မှုထဲက နိုးထလာအောင် စိတ်ဓာတ်တက်ကြွမှုက ပြုလုပ်ပေးတယ်။ အဲဒီ ဇောလို့လည်း ခေါ်နိုင်တဲ့ စိတ်ဓာတ်တက်ကြွမှုဟာ ဘယ်ခြေလှမ်းတွေကို လှမ်းရမယ်၊ ဘယ်လမ်းကို လိုက်ရမယ် ဆိုတာတွေကိုသာ ဖော်ထုတ်ပေးရုံ မကဘူး။ မြင်တွေ့နေရပြီ ဖြစ်တဲ့ ဦးတည် ရည်ရွယ်ချက်တွေကို တိုးတက်ကောင်းမွန်လာဖို့အတွက် လိုအပ်တဲ့ စိတ်ကူးတွေ၊ အကြံတွေကိုလည်း ပွင့်အာလာအောင် ဖွင့်ပေးရသေးတယ် သားငယ်ရဲ့။

ကိုယ် တတ်နိုင်စွမ်း ရှိတာတွေဟာ ဘောင် အကန့်အသတ် မရှိဘူး ဆိုတာကို သိနေတဲ့သူက တခြားသူတွေကို လက်မြှောက်အရှုံးပေးစေတဲ့ ချွတ်ယွင်းချက်၊ ချို့တဲ့ချက်ကလေးတွေကြောင့် စိတ်ပျက်မိတယ်လို့ ဘယ်တော့မှ မရှိဘူး။ မအောင်မမြင် ဖြစ်မှုတိုင်းဟာ ပိုပြီး ကောင်းတဲ့အဆင့်အတွက် ခြေနင်းခုံ ဖြစ်တယ် ဆိုတာကို သူ သိတယ်။ အဲဒီလို မအောင်မမြင် ဖြစ်ရတဲ့ အထဲမှာ ရှေးကနဲ့ မတူအောင် တိုးတက်ဖို့အတွက် အသုံးချနိုင်တဲ့ ဓာတ်သဘောတွေ ပါဝင်နေတယ် ဆိုတာကို သူ တွေ့ရှိရတယ်၊ သူ ဖော်ထုတ်နိုင်တယ်။


mgyoe.com

mgyoe.com

SAMPLE BOOK

ဒါတင် မကဘူး။ လက်မလျှော့ဘဲ ဆက်လုပ်နေရင် သူဟာ နောက်ဆုံးမှာ အောင်မြင်ရမယ် ဆိုတာကို သူ သိတယ်။ အဲဒီလို အောင်မြင်ဖို့အတွက်ဟာလည်း စိတ် အနေအထားဟာ ပျော်ရွှင် လန်းဆန်းနေရမယ်။ မျှော်လင့်ချက်နဲ့ တက်ကြွနေရမယ်။ ကိုယ့်အစွမ်းကို ကိုယ် ယုံစားရမယ်။ ဘာကိုပဲ ကြုံတွေ့ရကြုံတွေ့ရ စိတ်အနေအထားကို အဲဒီ အခြေအနေမှာ ထိန်းထားရမယ်။ ဒါဟာ နောက်ဆုံးမှာ အောင်မြင်မှုကို ပေးတဲ့ စိတ်ဓာတ်ပဲ သားငယ်။

နောက်ထပ် အခြေခံသဘောတရား တစ်ခုကို ထပ်ပြောရဦးမယ် ဆိုရင် အဘတို့ဟာ မိမိတို့ရဲ့ အောင်မြင်မှုအတွက် အကြံအစည်တွေ၊ စီမံခန့်ခွဲမှုတွေကို တခြားလူတွေရဲ့ ကောင်းကျိုး ခေါ်တဲ့ သတ္တဝါအကျိုးကိုပါ ဖြည့်စွက်ပေးထားသင့်တယ်လို့ ဆိုတဲ့ သဘောတရားပဲ။

ကိုယ်တစ်ယောက်တည်း ကောင်းစားတယ် ဆိုတဲ့ လူဟာ အောင်မြင်မှုအစစ် မဟုတ်ဘူး သားငယ်။ ကျဉ်းမြောင်းတဲ့ အောင်မြင်မှုသာ ဖြစ်တယ်။ လူ၊ နတ် လေးစားတဲ့ အောင်မြင်မှု မဟုတ်ဘူး။ မိမိ ကောင်းစားတာနဲ့အမျှ သတ္တဝါလည်း အကျိုးရှိရပါတယ် ဆိုတဲ့ အောင်မြင်မှုသာလျှင် စစ်မှန်တဲ့ အောင်မြင်မှု၊ ကြာရှည်ခံ အောင်မြင်မှု ဖြစ်တယ်။ အဲဒီလို အောင်မြင်မှုအတွက် လူ၊ နတ် သာဓု ခေါ်တယ်။

တကယ်တော့ ဘဝရဲ့ ဥပဒေသ နိယာမတွေဟာ လူအားလုံး ပိုပိုပြီး ကောင်းစားရေးအတွက် လုပ်ဆောင်နေတာတွေ ဖြစ်


mgyoe.com

mgyoe.com


တယ်။ ဒါပေမဲ့ လူတွေက ကိုယ် တစ်ယောက်တည်း ကောင်းစားရေး ဆိုတဲ့ အတ္တစိတ် ဝင်လာတာနဲ့ တစ်ပြိုင်နက် လူသားအနေနဲ့ လောကတာဝန် ပျက်ကွက်လာတယ်။ လူဖြစ်ရကျိုးကို ဖျက်ဆီးပစ်တယ်။ ဒါကို ရှေးမြန်မာတွေက ပဒေသာပင် ပျောက်ကွယ်ရတာနဲ့ တင်စား ဆုံးမခဲ့ကြတယ်။ သဘာဝမွှဟာ လူသားအားလုံးအတွက် ပဒေသာပင် စိုက်ပေးခဲ့တယ်။ ဒါပေမဲ့ လူတွေက ကျဉ်းမြောင်းတဲ့ သဘောထားနဲ့ မိမိ တစ်ဦးတည်း အကျိုးကိုသာ လုပ်ဆောင် ယူငင်လိုက်တော့ အဖိုးတန်လှတဲ့ ပဒေသာပင်ကြီး ကွယ်ပျောက်ခဲ့ရတယ်။

အဲဒီ တင်စားချက်ကို သားငယ် သေသေချာချာ စဉ်းစားပြီး ဖော်ထုတ်ကြည့်ပါ။ ဘာကို တွေ့ရမလဲ။ လူဟာ အတ္တအကျိုး ကွက်ကွက်ကလေးကိုသာ ကြည့်နေသမျှ ကာလပတ်လုံး သူ့အတွက် ပဒေသာပင်ဟာ ကွယ်နေရတယ်။ အများအကျိုး၊ သတ္တဝါအကျိုးအတွက် လုပ်ဆောင်လာပြီ ဆိုရင် အဲဒီလူအတွက် ပဒေသာပင်ဟာ ပေါ်ပေါက်နေရမှာပဲ။ ဒါကြောင့် သားငယ်၊ သားငယ်ရဲ့ အကျိုးအတွက် လုပ်ဆောင်ရင်း လူအများ အကျိုးရှိဖို့အတွက်ပါ တစ်ပါတည်း လုပ်ဆောင်မယ် ဆိုရင် သားငယ်အတွက် ပဒေသာပင်ဟာ ပေါ်ပေါက်နေရမှာပဲ။ သားငယ်ဟာ သူများနဲ့မတူ လိုချင်ရာကို လွယ်လင့်တကူ ရနိုင်တဲ့ အောင်မြင်မှုကြီးကို သားငယ် ရရှိနေမယ် ဆိုတာ အဘ အာမခံဝံ့ပါတယ် သားငယ်။ ဒါကြောင့် မင်းဟာ သူများရဲ့ အခွင့်အရေးတွေနဲ့ သူများရဲ့ လိုအပ်ချက်တွေကိုပါ ထာဝစဉ်


mgyoe.com

mgyoe.com


ထည့်သွင်းစဉ်းစားပါ သားငယ်။ အို ... ကုန်ကုန်ပြောမယ်။ လမ်းသွားရင်တောင် တခြားလူတွေ သွားလမ်း၊ လာလမ်း မပိတ်အောင် လမ်းပေးထားမယ်။ ကိုယ်က ဆေးလိပ်သောက်တတ်ရင် တခြား ဆေးလိပ်မသောက်သူတွေ အနှောင့်အယှက် ဖြစ်အောင် မလုပ်ဘူး ဆိုတာကအစ တွေးခေါ်လိုက်နာ လုပ်ဆောင်ရမယ်နော်။

သဘာဝဓမ္မကြီးဟာ စည်းစည်းလုံးလုံး ဆုပ်ဆုပ်ခဲခဲ ဖြစ်တယ်၊ ခမ်းနားထည်ဝါတယ်၊ အလုံးစုံ ပြည့်စုံနေတာ ဖြစ်တယ်။ သတ္တဝါတွေဟာ အဲဒီ သဘောတရားကြီးရဲ့ အစိတ်အပိုင်းကလေးသာ ဖြစ်ပြီး မူလပင်ရင်း သဘာဝတရားကြီးနှင့် ဆက်စပ်မှု ရှိနေတယ်။ ဒီနေရာမှာ ပညာရှင်တချို့ရဲ့ အယူအဆကို ပြောပြမယ်။ လောကကြီးထဲက ရုပ်ဝတ္ထု အားလုံးဟာ သဘာဝဓမ္မကြီးရဲ့ အစိတ်အပိုင်း ဖြစ်ပြီး အဲဒီ သဘာဝတရားကြီးနဲ့ ထာဝစဉ် ဆက်စပ်နေသလို စိတ်တွေဟာလည်း သဘာဝတရားကြီးရဲ့ အစိတ်အပိုင်း ဖြစ်ပြီး အဲဒီ သဘာဝတရားကြီးနဲ့ ဆက်စပ်နေတယ် ဆိုတဲ့ အယူအဆပဲ။

တစ်နည်းဆိုရရင် သဘာဝဓမ္မ ဆိုတာ ရုပ်အစုအဝေးကြီးဖြစ်ရုံသာမက စိတ်အစုအဝေးကြီးလည်း ဖြစ်တယ်။ ဒီတော့ ရုပ်တွေဟာ သဘာဝတရားကြီးနဲ့အတူ ပေါင်းစည်းပြီး အညီအညွတ် ဖြစ်နေသလို စိတ်တွေဟာလည်း သဘာဝတရားကြီးနဲ့ ပေါင်းစည်းပြီး အညီအညွတ် ဖြစ်နေရတယ်။ ရုပ်အလွှာမှာ သဘာဝတရားကြီးရဲ့ နိယာမတွေက သွေဖည်ပြီ ဆိုရင်


mgyoe.com

mgyoe.com


အနာရောဂါ ဆိုတဲ့ ရုပ်ဖောက်ပြန်မှုတွေ ဖြစ်လာတယ်။ စိတ်အလွှာမှာလည်း သဘာဝတရားကြီးရဲ့ နိယာမတွေက သွေဖည်ပြီ ဆိုရင် စိတ်ဖောက်ပြန်တယ်။ စိတ်စွမ်းအားတွေ လျော့ပါးလာရတယ်။

သဘာဝခမ္မာမှာ တစ်ဦးဦး၊ တစ်နေရာရာကို ပိုကောင်းအောင် လုပ်ပြီး၊ တခြား တစ်ဦးဦး၊ တခြား တစ်နေရာရာကို ညံ့ဖျင်းအောင် လုပ်ထားမယ်လို့ မရှိပါဘူး။ တိုးတက်မှု အဆင့်တွေ အမျိုးမျိုး ရှိနိုင်ပေမဲ့ သဘာဝခမ္မာကြီးမှာ မျက်နှာလိုက်မှုဆိုတာ မရှိပါဘူး။ သဘာဝခမ္မာကြီးဟာ တရားတယ်။ မျက်နှာမလိုက်ဘူး။ သွေဖည်လို့ မရနိုင်တဲ့ ဥပဒေတွေနဲ့ ထိန်းချုပ်စိုးမိုးတယ်။

စကြဝဠာကြီးကို ညီညွတ်ပေါင်းစည်းပြီး စနစ်တကျ ဖွဲ့စည်းထားတော့ ပါဝင်ပတ်သက်နေသမျှတွေဟာ တစ်ခုက တစ်ခုအတွက် အမှုထမ်းရတာပဲ။ အမှု မထမ်းချင်လို့ ရှောင်ဖယ်ရင်အဲဒါ ပျက်ကွက်တာပဲ။ ပျက်ကွက်ရင် ဒဏ်သင့်ရမယ်။

အမှုထမ်းတယ် ဆိုတာ နှစ်ပိုင်းတော့ ရှိတယ်။ တည်ဆောက်ရေးအပိုင်းနဲ့ ဖျက်ဆီးရေးအပိုင်းပဲ။ စကြဝဠာ နိယာမမှာ တည်ဆောက်တာဟာလည်း အလုပ်တစ်ခု ဖြစ်သလို ဖျက်ဆီးတာဟာလည်း အလုပ်တစ်ခုပါ။ ဒါကြောင့် တစ်ခါတလေ တစ်ခုက တခြားတစ်ခုကို တည်ဆောက်ပေးရာမှာ ကူညီပြီး အလုပ် လုပ်သလို ဖျက်ဆီးရေးမှာလည်း ကူညီပြီး ဖျက်ဆီး


mgyoe.com

mgyoe.com


လာရတယ်။ ဇာတိဟာ သဘာဝဓမ္မကြီးရဲ့ တာဝန် လုပ်ငန်း တစ်ရပ် ဖြစ်သလို မရဏဟာလည်း သဘာဝဓမ္မကြီးရဲ့ တာဝန် လုပ်ငန်းတစ်ရပ် ဖြစ်နေတယ်။

ဒါကြောင့် အဘတို့ဟာ တည်ဆောက်မှုမှာ တစ်ခါတလေ ပါဝင်ကူညီရသလို ဖျက်ဆီးမှုမှာလည်း ပတ်သက်နေရပြန် တယ်။ ဥပမာ သစ်ပင်ပန်းပင်တွေကို ရေလောင်း ပြုစုပေးရ တာက တည်ဆောက်မှုမှာ ပါဝင်ဆောင်ရွက်တာ။ ပေါင်းသင် တာတို့၊ အကိုင်းအခက် ချိုးပေးတာတို့၊ ပိုးသတ်တာတို့က ဖျက် ဆီးရေးမှာ ပါဝင် ပတ်သက်ရတာပဲ။ ရှေးဟောင်း တရုတ်လူ မျိုးတွေရဲ့ ပညာပိုင်းဆိုင်ရာ အယူအဆ တစ်ရပ်မှာ သတ္တု ဓာတ်ဟာ ရေဓာတ်ကို အကျိုးပြု တည်ဆောက်ရာမှာ ပံ့ပိုး တယ်။ ဒါပေမဲ့ သတ္တုဓာတ်ဟာ ဖျက်ဆီးရေးကျတော့ သစ်သား ကို ဖျက်ဆီးတယ် ဆိုတဲ့ အကျိုးပြုခြင်းနှင့် ဖျက်ဆီးခြင်း သဘော သဘာဝတွေကို ဉာဏ်ကျယ်တဲ့ သားငယ်ဟာ သဘောပေါက် မယ်လို့ အဘ ယုံကြည်ပါတယ်။

အခု အဘက သားငယ်ကို အောင်မြင်ရေး ကိစ္စတွေကိုသာ ပြောချင်နေတာ။ ဒဿနကိစ္စတွေ၊ ဂန္ဓာရီကိစ္စတွေ ပြောချင် နေတာမဟုတ်လို့ တည်ဆောက်ရေးမှာ သဘာဝဓမ္မကြီးနဲ့ ပူးပေါင်းပြီး အမှုထမ်းဖို့ကိစ္စ ကွက်ကွက်ကိုသာ ပြောချင်ပါတယ် သားငယ်။

ဒါကြောင့် အဘတို့ဟာ အများသတ္တဝါရဲ့ ကောင်းစားရေးနဲ့ ကောင်းကျိုးတွေပါ အဘတို့ရဲ့ အကြံအစည်၊ ရည်ရွယ်ချက်တွေ


mgyoe.com

mgyoe.com


ထဲမှာ ထည့်သွင်းထားပြီ ဆိုရင်ပဲ အဘတို့ သားတို့ဟာ သဘာဝ မမွှကြီးရဲ့ အမြင့်စား လိုအပ်ချက်တွေနဲ့အညီ ပံ့ပိုး နေထိုင်ရာ ရောက်တဲ့အတွက် အဘတို့ ရည်ရွယ်ချက် ပြည့်စုံ ပြီးမြောက်ဖို့ အတွက်ကို သဘာဝတရားကြီးက ပြန်လည် ပံ့ပိုးပေးလာမှာ သေချာတယ်။ ဒီတော့ အဘတို့ ရည်ရွယ်ချက်၊ စိမ့်ချက်တွေဟာ အောင်မြင်မှာ သေချာတော့တာပေါ့။


mgyoe.com

mgyoe.com SAMPLE BOOK

# ဝန်တိုစိတ်၏ လားရာ

သားငယ်

ဒီတစ်ခါတော့ အဘဟာ မနာလိုဝန်တိုဖြစ်မှု အကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးချင်တယ်လေ။ ဘာဖြစ်လို့လဲ ဆိုတော့ ဒီမနာလို ဝန်တိုဖြစ်မှု ဆိုတာမျိုးဟာ ကာယကံရှင်ကို အငိုက်ဖမ်းပြီး ဝင်ရောက် စိုးမိုးတတ်တာကြောင့်ပဲ။ အဲဒီ မနာလို တတ်တဲ့ သဘောထားဟာ လူကို နောက်ပြန်ဆွဲတဲ့ သဘောထားပဲ။ ကာယကံရှင်ဟာ သူ့ဘာသာသူ မသိဘဲ ကလေး ပြန်ဖြစ်သွားရတာပဲ။

တချို့သော မနာလိုစိတ်ဟာ အံ့သြစရာ ကောင်းတယ်။ ကိုယ် မနာလို ဖြစ်နေတဲ့ လူကို ဒုက္ခသွားမပေးဘဲ မိမိကိုယ်ကို မိမိ ပြန်ပြီး ဒုက္ခပေးတတ်တယ်။ အဘက အခုလို မနာလိုဝန်တို စိတ်ဟာ သူတစ်ပါးကို သွားပြီး မတိုက်ခိုက်ဘဲ မိမိကိုယ်ကို သာမိမိ ပြန်တိုက်ခိုက်ပါတယ်လို့ ဆိုတော့ သားငယ်က ရယ်ချင်မှာပဲ။ တချို့သော ရယ်မောမိခြင်းမျိုးဟာ ကိုယ် ဉာဏ်မမီလို့ ဖြစ်ရတဲ့ကိစ္စ အများကြီး ရှိတယ်လေ။



mgyoe.com

mgyoe.com SAMPLE BOOK

ဒီတော့ သားငယ် ဉာဏ်မီပြီး သိနားလည်သွားရင်တော့ ရယ်ချင်စိတ်တွေ ပျောက်သွားမှာပါ။ အမှန်တရားဟာ ချစ်စရာ၊ မြတ်နိုးစရာကောင်းပေမဲ့ ရယ်စရာ သရော်စရာတော့ မကောင်းဘူးလေ။

ကဲ့ ... ရှင်းပြတော့မယ်။

ကလေးငယ် နှစ်ယောက် ရှိတယ် ဆိုပါတော့။ သားအကြီးလုပ်တဲ့ ကလေးဟာ အငယ်လေး မွေးလာတော့ မိဘတွေရဲ့ ဂရုစိုက် ပြုစုမှုကို သူ တစ်ယောက်တည်း မရတော့ဘူး။ ခွဲဝေပေးရပြီပေါ့။ မိဘတွေဟာ သူ့တစ်ယောက်တည်းကို ယုယပြုစု မနေနိုင်တော့ဘဲ အငယ်ကိုလည်း ပြုစုပေးရတယ်။ တစ်ခါ တစ်ခါ အကြီးထက်တောင် အငယ်ကို ဦးစားပေး ပြုစုနေရတော့ အကြီးလုပ်တဲ့လူရဲ့ စိတ်ထဲကို မနာလိုစိတ်တွေ ဝင်လာရတယ်။ မိဘတွေရဲ့ အာရုံပြုမှုဟာ မိမိဆီကို ရောက်လာစေချင်တယ်။ မိမိအပေါ် ဂရုစိုက်မှု လျော့ပါးသွားပြီလို့ ထင်နေပြီကိုး။ ဒါ့ပြင် မိဘတွေရဲ့ ကြင်နာမှု၊ သနားမှုတွေကိုလည်း အငယ်ကို ခွဲဝေပေးလိုက်ရပြီလို့ ထင်မြင်လာတော့ မိဘတွေရဲ့ ကြင်နာမှု၊ သနားမှုတွေကို မိမိ ရယူချင်လာတယ်။

ဒီတော့ သူ ဘာလုပ်သလဲ။ ရက်စက် ကြမ်းကြုတ်တဲ့ သဘောထား ရှိတဲ့ အကြီးဖြစ်ရင်တော့ မနာလိုစိတ်ကို ပြောင်ကျကျ မွေးမြူပြီး အခွင့်ရရင်ရသလို အငယ်ကို ဒုက္ခပေးတယ်။ တိုက်ခိုက်တယ်ပေါ့။ ဒါပေမဲ့ စိတ်ထားနူးညံ့ပြီး သဘောထား ပြည့်ဝတဲ့ အကြီးတွေကျတော့ အငယ်ကို ဒုက္ခမပေးဘူး။ လက်


mgyoe.com

mgyoe.com

SAMPLE BOOK

ဖျားနဲ့တောင် မတို့ဘူး။ သူဟာ မိမိကိုယ်မိမိ ဒုက္ခပေးတော့တာပဲ။ အငယ်လေးပေါ်ကျတော့ ပိုပြီး ကြင်နာတယ်၊ ဂရုစိုက်တယ် ဆိုတာမျိုးတောင် ဖြစ်လာတယ်။ အနစ်နာခံတဲ့ စိတ်ပေါ့လေ။ ဒါပေမဲ့ စိတ်ထဲမှာတော့ မိဘတွေဟာ ကလေးငယ်ရင် ပိုပြီး ဂရုစိုက်တယ်၊ ချစ်ခင်ကြင်နာတတ်ပါကလား ဆိုတဲ့ အမြင်တွေ ဝင်လာတယ်။ ဒီတော့ သူဟာ ကလေး ပြန်ဖြစ်ချင်လာတယ်။ ဒါဟာ သိသိနဲ့ ဖြစ်တာ မဟုတ်ဘူးနော်။ မနောထဲမှာ မသိမသာ ကြီးထွားလာတတ်တဲ့ စိတ်ထားအမြင်ပဲ ဖြစ်တယ်လေ။

အဲဒီတော့ ဘယ်လို ဖြစ်လာသလဲ။ ငယ်ငယ်တုန်းက ပျောက်သွားတဲ့ အကျင့်ဖြစ်တဲ့ အိပ်ရာထဲ ရှူရှူးပေါက်တာတွေ ပြန်ဖြစ်ပေါ်လာတယ်။ အဝတ်အစားကိုလည်း သူ့ဘာသာသူဝတ် ဆိုရင် ကလန်ကဆန် လုပ်ချင်လာတယ်။ မိဘတွေရဲ့ အာရုံ သူ့ဆီကို ရောက်မယ် ထင်တာတွေကို လျှောက်လုပ်နေမိတတ်တယ်။ နောက်ဆုံး အရိုက်ခံရမှ ခံရပစေ။ ရိုက်တယ်ဆိုတာလည်း အာရုံရောက်တာပဲမို့ မိဘတွေရဲ့ အာရုံရောက်မှုကို အရိုက်ခံရလို့ ကိုယ်ခန္ဓာ နာကျင်ပါစေ၊ အကြီးကလေးဟာ ခံယူချင်လာရတယ်။ ဒါဟာ မိမိကိုယ်မိမိ တိုက်ခိုက်တဲ့ မနာလိုမှုရဲ့ သွင်ပြင်လက္ခဏာပဲ။

ဟော ... သူ ကြီးပြင်းလာလို့ လူကြီး ဖြစ်လာပေမဲ့ အကြောင်းတစ်ခုခုကြောင့် မနာလိုစိတ် ဖြစ်ပေါ်လာပြီ ဆိုရင် ဒီလို လူမျိုးဟာ သူ့ကိုယ်သူ နှိပ်စက်တော့တာပဲ။ ဒီကိစ္စနဲ့ ပတ်


mgyoe.com

mgyoe.com

SAMPLEBOOK

သက်လို့ အဘ ဖတ်ဖူးထားတာကလေး တစ်ခုကို သားငယ်ကို ပြန်ပြောပြချင်တယ်။ အဲဒါဟာ ဘာလဲ ဆိုတော့ လူတစ်ယောက်ဟာ သူ့ဇနီးဖြစ်သူက သူ့ထက် လစာ ပိုရ၊ ဝင်ငွေ ပိုကောင်းလာတော့ ယောကျ်ားတို့ရဲ့ ဂုဏ်သိက္ခာကို ထိပါးခံရသလို ဖြစ်လာတယ်။ တရားဝင် စာရင်းအရ သူဟာ အိမ်ထောင်ဦးစီး ဖြစ်ပေမဲ့ လက်တွေ့အိမ်တွင်းက အဆင့်အနေနဲ့ သူ့ဇနီးက အဆင့်မြင့်သလို ဖြစ်လာရတယ်။ ဒီတော့ သူဟာ ဇနီးအပေါ် မနာလို ဝန်တိုသလိုလို ခံစားလာပါတယ်။ ဒီတော့ သူက မနာလိုစိတ်ကို တိုက်ခိုက်ဖို့ ကြိုးစားတယ်။ ဒါပေမဲ့ ခက်တာက မနာလိုစိတ် ဆိုတာ ဖျောက်ဖျက်ပစ်လို့ပဲ ရတယ်။ ရင်ဆိုင်တိုက်ခိုက်လို့ မရဘူး။ သူ့ကို တိုက်ခိုက်ပြီ ဆိုရင် မနာလိုခံရတဲ့လူ ဒုက္ခရောက်သွားတာကို လိုလားချင်စိတ် ဖြစ်လာတယ်။ ဒီတော့ စောစောက လူဟာ ဇနီးကိုလည်း ချစ်တတ်သူ၊ စိတ်ကောင်းရှိသူလည်း ဖြစ်လေတော့ သူ့ဇနီးကို သူဟာ ဘယ်တော့မှ ဒုက္ခမရောက်စေချင်ဘူးလေ သားငယ်ရဲ့။ အဲဒီမှာတင် မိမိကိုယ်မိမိ တိုက်ခိုက်မိတော့တာပဲ။ ဒီလို တိုက်ခိုက်တာမျိုးကလည်း သူ့ဘာသာသူတောင် သတိမပြုမိဘူးလေ။ ဒီတော့ သူဟာ သူ့ဆန္ဒမပါဘဲ လျက်က မိမိ ပျက်စီးရာ ပျက်စီးကြောင်းတွေကို ပြုလုပ် ကျူးလွန်မိတော့တာပေါ့။ အရက်ကို မိုးလင်းအောင် သောက်လာတယ်။ လောင်းကစားခြင်း အမျိုးမျိုးကို ပြုလုပ်လာတော့တယ်။

ကဲ ... သားငယ်၊ စိတ် ဆိုတာ ဘယ်လောက် ဆန်းကြယ်တယ် ဆိုတာကို သားငယ် သဘောပေါက်ပြီလားဟင်။


mgyoe.com

mgyoe.com


ဒီလိုဆို မနာလို ဝန်တိုစိတ်ဟာ ရင်ထဲကို ဝင်ရောက်လာပြီ ဆိုရင် လက်ပိုက်ကြည့်နေရတော့မှာလား။ သူများကိုလည်း ဒုက္ခ မပေးရဘူး၊ မိမိကိုယ်မိမိလည်း ဒုက္ခမပေးရဘူး ဆိုရင် လက်ပိုက်ကြည့်နေရတော့မှာပေါ့လို့ သားငယ်က စောဒက တက်ချင်ပေလိမ့်မယ်။

ပြောပါ့မယ် သားငယ်။ အဘက ပြည့်ပြည့်စုံစုံပဲ သားငယ်ကို ပြောပြပါ့မယ်။ ကောင်းကောင်း နားထောင်နော်။

သူတို့နိုင်ငံမှာ စိတ်မှာ ဖြစ်တဲ့ရောဂါတွေကို ကုသတဲ့ စိတ်ရောဂါကု ဆရာဝန်မကြီး ဒေါက်တာ ကာရင် ဟော်နီက "လူတို့ရဲ့ ပင်ကိုသွင်ပြင်ဟာ ပြောင်းလဲနိုင်ပါတယ်၊ ကလေးငယ်တွေကိုသာ စိတ်ထား ပြောင်းအောင် ပုံလောင်းလို့ ရတယ်၊ လူကြီးတွေကျ မရဘူးလို့ ထင်နေကြတယ်၊ ဒီအထင်ဟာ မှားယွင်းပါတယ်၊ ကျွန်မတို့ အသက်ရှင်နေသရွေ့ ကာလပတ်လုံး ပြောင်းလဲပစ်နိုင်ပါတယ်၊ အခြေခံကျလှတဲ့ အမှုကိစ္စတွေတောင်မှပဲ ကျွန်မတို့ဟာ ပြုပြင်ပြောင်းလဲပစ်နိုင်စွမ်း ရှိပါတယ်" လို့ ပြောခဲ့ဖူးတယ်လေ။

ကဲ ... ကောင်းပြီ။ ဒီလိုဆိုရင် မနာလိုတတ်တဲ့ စိတ်ကို မနာလို မဖြစ်တတ်အောင် ဘယ်လို ပြုပြင်ပြောင်းလဲပစ်မလဲ။ အချက် သုံးချက်နဲ့ ရှင်းပြမယ်။

ပထမအချက်က ပြုပြင်ပြောင်းလဲပစ်ချင်ပြီ ဆိုရင် ပထမဆုံး မိမိစိတ်ထဲမှာ မနာလိုဝန်တိုမှု ဆိုတာ ကိန်းအောင်းနေပြီ ဆိုတာကို အသိအမှတ် ပြုရမယ်လေ။ 'ငါ မလိုလားပါလျက်နဲ့

mgyoe.com

mgyoe.com

SAMPLE EBOOK

ငါ့စိတ်ထဲမှာ မနာလိုဝန်တိုမှုဟာ ရောက်နေပါပကောလား' လို့ ပေါ့လေ။ တကယ်တမ်း ဆန်းစစ်ကြည့်မယ် ဆိုရင် မိမိဟာ ဘယ်သူ့ကို မနာလို ဝန်တိုနေတယ် ဆိုတာကိုတောင် သိနိုင်ပါတယ်လေ။

ပထမ အချက်ကို ဖော်ထုတ်လိုက်ပြီ ဆိုရင်ပဲ မနာလို ဖြစ်တတ်မှုကို ပယ်ဖျောက်ရာမှာ ခရီးတစ်ဝက်လောက် ရောက်လာပြီ သားငယ်ရဲ့။ ဘာဖြစ်လို့လဲ ဆိုတော့ ကိုယ် မသိမမြင်တဲ့ ရန်သူဟာ ဆိုးဝါးတယ်။ ဘွားခနဲ တွေ့ရှိ သိမြင်လာပြီ ဆိုရင် ဒီရန်ကို ဖြိုဖျောက်ရ လွယ်ကူတော့တာကိုး။

ဒီတော့ ဒုတိယအချက်အနေနဲ့ လုပ်ရမှာက ကိုယ် မနာလို ဖြစ်နေရသူဟာ တကယ်ပဲ စိတ်ပျော်ရွှင် အေးချမ်းနေပါသလား ဆိုတာကို သိရအောင် စုံစမ်းပေတော့။ လူတစ်ယောက်ဟာ ကိုယ့်ထက် သာတယ် ဆိုရုံနဲ့ မနာလို မဖြစ်တတ်ပါဘူး။ ဒီလို ကိုယ့်ထက် သာတဲ့အချက်ကြောင့် ဒီလူဟာ ထူးမြတ်တဲ့ ကောင်းကျိုးချမ်းသာတွေကို ခံစားနေရတယ်၊ ကိုယ် မရရှိတဲ့ ပျော်ရွှင်မှုတွေကို ခံစားနေရတယ်လို့ ထင်မှတ်နေမိလို့သာ ကိုယ် ပိုင်ဆိုင် ခံစားရမယ့် ကောင်းကျိုးချမ်းသာ ပျော်ရွှင်မှုတွေကို သူက ယူဆောင်သွားပြီ ထင်ပြီး မနာလို ဖြစ်ရတာကိုး။

တကယ်တော့ လူတိုင်းမှာ သောက ဆိုတာ ရှိကြစမြဲပါ။ သူတို့က ဖုံးဖိထားနိုင်လွန်းလို့ပဲ ဖြစ်စေ၊ ကိုယ်က ဘာသိဘာသာ နေလို့ မစပ်စုမိတာကြောင့် ဖြစ်စေ ကိုယ် မသိရှိရင်သာ ဖြစ်ရမယ်၊ သူတို့တွေဟာလည်း လောကီသားတွေပီပီ သောက


mgyoe.com

mgyoe.com


တွေ၊ စိတ်ညစ်စရာတွေ၊ ဖြေရှင်းစရာပြဿနာတွေ ဝိုင်းဝိုင်းလည်နေတာပါ။

ကိုယ် မနာလိုမိတဲ့လူကို တတ်နိုင်သလောက် စုံစမ်းစပ်စုသတိပြုလိုက်ရင် သူ့မှာလည်း သောကတွေ၊ ဒုက္ခတွေ၊ ပြဿနာတွေ ရှိနေတာကို တွေ့ရှိလာရမှာ မုချ ဖြစ်ပါတယ်။ ဒီတော့ကိုယ် ထင်ထားသလောက် သူဟာ ချမ်းသာပျော်ရွှင်နေမှု မရှိဘဲ လောကီသားပီပီ စိတ်ညစ်ရတဲ့ အခိုက်အတန့်တွေ ရှိနေကြောင်း သိလာရမှာပါ။

ဒီလို သိလာရပြီ ဆိုရင် လူအချင်းချင်း ရိုင်းပင်းချင်တဲ့ဇာတိစိတ်၊ စာနာတတ်တဲ့ ဇာတိစိတ်တွေအရ သူ့ကို သနားစိတ်တွေ ဝင်လာရတယ်။ သနားစိတ် ဝင်လာပြီ ဆိုရင် မနာလိုစိတ်ဟာ နေရာဖယ်ပေးပြီး ပျောက်ကွယ်သွားရပါတယ်။ မွေးရာပါ ဖြစ်တဲ့ ဇာတိစိတ်တွေထဲက ကောင်းတာတွေကို ဖော်ထုတ် ပျိုးထောင်တဲ့ နည်းပေါ့။ လူ ဆိုတာ အချင်းချင်း ပေါင်းသင်းဆက်ဆံ စုဝေးချင်တယ် ဆိုတာ ဇာတိစိတ်ကြီး တစ်ခုပါ။ ဒီ ဇာတိစိတ်ကြီးရဲ့ မြစ်လက်တက်တွေထဲမှာ သနားစိတ်၊ စာနာစိတ် ဆိုတာ ရှိနေပါတယ်။ ဒါတွေဟာ အခွင့်အလမ်းရရင် ရှေ့တန်းတက်လာရတယ်။ ငရဲကျနေသူတွေထဲမှာတောင် အချင်းချင်း ခံစားရတဲ့ ဒုက္ခကို မြင်ပြီး သနားသွားမိတဲ့ ကုသိုလ်စိတ်ကလေး စုမိတော့ ငရဲက လွတ်လာရတယ်လို့ အဘရဲ့ ဆရာသမားများ ဆုံးမခဲ့ဖူးတာ ကြားနာခဲ့ရတယ်လေ သားငယ်။

mgyoe.com

mgyoe.com


အဲ ... ကောင်းပြီ။ တတိယအချက်ကို ပြောပြတော့မယ်။

ကိုယ် မနာလို ဖြစ်မိတဲ့ လူနဲ့ စကားစမြည် ပြောဆိုနိုင်တဲ့ အခွင့်အလမ်းရအောင် ကြိုးစားရမယ်ပေါ့ကွယ်။ အဲဒီလို အခွင့်အလမ်း ရလို့ စကားစမြည် ပြောရတဲ့အခါ သူ့ဆီမှာ ရှိတဲ့ ကောင်းမြတ်တဲ့ အရည်အသွေးတွေကို မြင်အောင် ရှာဖွေကြည့်ရှုပါ။ ပြီးတော့ မြင်တွေ့ရပြီ ဆိုရင် အဲဒီ ကောင်းမြတ်တဲ့ အရည်အသွေးတွေကို ရင်ထဲက လှိုက်လှိုက်လှဲလှဲ ချီးကျူးပါ။ သူ့ကို ထိုက်ထိုက်တန်တန် ချီးကျူးစကား ပြောပြပါ။

အဲဒါ ဘာလုပ်တာလဲ ဆိုရင် သူ့မှာ ကောင်းမွန်တဲ့ အရည်အသွေးတွေ ရှိတာကို မိမိကိုယ်မိမိ ရိုးသားစွာ လက်ခံလာအောင် လုပ်တာပဲ။ လူ ဆိုတာ ကိုယ့်ထက် သာရုံနဲ့ မနာလို မဖြစ်တတ်ပါဘူး။ ကိုယ် ဖြစ်ချင်တဲ့ လမ်းလည်း ဖြစ်ရမယ်။ ကိုယ့်ထက်လည်း မသာဘဲနဲ့ ကိုယ့်ထက် ကောင်းမွန်တဲ့ အခြေအနေကို သူ ရနေတယ်၊ တစ်နည်း ဆိုရရင် သူဟာ မထိုက်မတန်ဘဲနဲ့ ကိုယ့်ထက် သာနေတာ အဲဒီလို ထင်မိလို့သာ မနာလို ဖြစ်ရတာကိုး။ အခုလို သူ့ရဲ့ အရည်အသွေးကောင်းတွေကို မိမိကိုယ်တိုင် စစ်မှန်စွာ လက်ခံလာပြီး သူ့ကို ထိုက်ထိုက်တန်တန် ချီးကျူးလိုက်ရရင် မနာလို ဝန်တိုစိတ် ဆိုတာ နေစရာနေရာ မရှိဘဲ ပျောက်ပျက် ဆိတ်သုဉ်းသွားရပါတယ်။

အဲဒီနောက်ကျတော့ ဘာ ဆက်လုပ်ရမလဲ။

ကိုယ့်ဝမ်းထဲမှာ သူတစ်ပါးကို မနာလိုတတ်တဲ့ စိတ်ထား မရှိတော့ဘူး ဆိုရင် မိမိ တိုးတက်ရာ တိုးတက်ကြောင်းကို လွတ်


mgyoe.com

mgyoe.com SAMPLE BOOK

လွတ်လပ်လပ် ကြိုးစား ပြုလုပ်နိုင်ပြီပေါ့ သားငယ်ရယ်။ ဘာတွေကို ကြိုးစား ပြုလုပ်ရမလဲ။

ကိုယ့်မှာ မရှိတဲ့ အရည်အသွေးတွေ (ဥပမာ ရုပ်မလှတာတို့၊ အသံ မကောင်းတာတို့ ဆိုတာမျိုးတွေ) အတွက် စိတ်ပျက်စိတ်ညစ်မနေနဲ့။ မေ့ထားပစ်လိုက်။ အရေးမကြီးလို့ လျစ်လျူရှုပစ်လိုက်။ အဲ ... ကိုယ့်မှာ ရှိတဲ့ အရည်အချင်း သူတစ်ပါးထက် သာလွန်နိုင်တဲ့ အရည်အချင်း၊ အဲဒီ အရည်အချင်းမျိုးကို တိုးတက်ကြီးထွားလာအောင် ပျိုးထောင် လေ့ကျင့်ပေးပေတော့။ အဲဒီလို အရည်အချင်းမျိုးကို မတွေ့သေးရင်လည်း ဂရုစိုက်ပြီး ရှာဖွေ ဖော်ထုတ်ကြည့်စမ်း။ လူတိုင်းမှာ အထူး အရည်အချင်း ဆိုတာ ရှိစမြဲပါပဲ သားငယ်ရယ်။ တွေ့အောင်သာ ရှာကြည့်စမ်းပါ။


mgyoe.com

mgyoe.com SAMPLE BOOK

# သန္ဓေတည် စွမ်းရည်

သားငယ်

ဒီတစ်ခါမှာတော့ လူငယ်တွေထဲက 'ဉာဏ်နှေးကွေးသူ'တွေ အကြောင်းကို ပြောပြချင်တယ်။ ဉာဏ်နှေးကွေးသူ ဆိုတာက ကျောင်းစာ သင်ယူကြရာမှာ သူများနဲ့ မတူ အတတ်နှေးကြသူ များ ဖြစ်ကြတယ်လေ။ ရှေးကတော့ ဒီလိုကလေးတွေကို ဉာဏ် ထိုင်းတဲ့ ကလေး၊ ဉာဏ်ထုံတဲ့ ကလေးလို့ ခေါ်ဝေါ်သမုတ်ကြ တယ်ပေါ့။

ကမ္ဘာပေါ်က လူမှုရေးပညာရှင်တွေ၊ မှုခင်းပညာရှင်တွေ၊ ပညာရေးဆိုင်ရာ ပုဂ္ဂိုလ်တွေက လူငယ်ဘဝ ဆိုးသွမ်းမှု၊ လူကြီး ဘဝ ဆိုးသွမ်းမှု၊ လူငယ် အလုပ်လက်မဲ့ ဖြစ်ရမှု၊ ကျောင်းပညာ ပြည့်ပြည့်ဝဝ မရရှိခဲ့မှု စတာတွေဟာ ဆက်စပ်နေတယ်လို့ ပြော နေခဲ့ကြတာ ကြာပါပြီကော သားငယ်။

ကမ္ဘာကြီးမှာ နည်းပညာတွေ တိုးတက်လာတာနဲ့အမျှ တတ်သိကျွမ်းကျင်မှု မရှိတဲ့ အလုပ်သမားကို အလိုမရှိကြ



mgyoe.com

mgyoe.com

SAMPLE BOOK

တော့ဘူး။ ဒါကြောင့် ယနေ့ လူငယ်တွေဟာ တတ်သိကျွမ်းကျင်မှု ပြည့်ဝကြဖို့ လိုတယ်။

အဲဒီတော့ လူငယ်တွေကို ဘွဲ့တစ်ခုခုရတဲ့အထိ ကျောင်းတွေမှာ ရှိနေဖို့ လိုအပ်လှပါတယ်။ အခုအခါမှာ တက္ကသိုလ်တွေကလည်း မျိုးစုံအောင် ရှိလာပြီမို့ ဘွဲ့တွေကို မျိုးစုံအောင် ရနိုင်ကြပါပြီ။

ဒါကြောင့် သာမန်ကျောင်းစာထဲမှာ စိတ်မဝင်စားဘူး ဆိုတဲ့ ကလေးကို သာမန် အတန်းစာတွေကို ဆက်မသင်ခိုင်းတော့ဘဲ သူ သန်ရာ အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းကို ရွှေ့ပြောင်း သင်ယူစေဖို့ သင့်တယ်လေ။

ဒါတင် မကသေးဘူး။ ကလေးတစ်ယောက်ဟာ မိဘရဲ့ စီးပွားရေး ချို့တဲ့မှုကြောင့် မဟုတ်ဘဲ ကျောင်းထွက်ဖို့ ကြိုးစားပြီ ဆိုရင် အဲဒီကလေးမျိုးကို ပညာရေးဆိုင်ရာ ပုဂ္ဂိုလ်က အကျေအလည် ဆွေးနွေးသင့်တယ်ပေါ့။

ကမ္ဘာ့ပညာရှင်တွေရဲ့ မှတ်ချက်တစ်ခုကို အဘ ဖတ်ဖူးတယ်။ ကျောင်းစာကို သင်ယူနေကြတဲ့ ကျောင်းသားတွေရဲ့ ၂၀ ရာခိုင်နှုန်းဟာ 'ဉာဏ်နှေးကွေးသူများ' ဖြစ်ကြတယ်တဲ့။ သူများနဲ့ စာရင် အတတ် နှေးတယ်ပေါ့ကွယ်။ အဲဒီလို ကလေးတွေကို အများနဲ့အတူရောပြီး စာသင်စေရင် သူတို့လည်း အကျိုးမရှိဘူး၊ တခြား ဉာဏ်ထက်မြက်တဲ့ ကျောင်းသားတွေလည်း အကျိုးပျက်တယ်။ ဉာဏ်ထက်မြက်တဲ့ ကျောင်းသားတွေ အကျိုးပျက်ရတာက ဆရာက ဉာဏ်နှေးသူတွေကို ငဲ့ပြီး သင်နေရ


mgyoe.com

mgyoe.com SAMPLE BOOK

တော့ ဉာဏ်ထက်မြက်သူတွေ ပညာရမှု နှောင့်နှေးလာရတယ်။ ကာယကံရှင်တွေ အကျိုးမရှိတာက ဉာဏ်ထက်မြက်သူတွေနဲ့ ပြိုင်ပြီး လေ့လာရတော့ မမိမကမ်း ဖြစ်ရပြီး စိတ်ဓာတ်တွေ ကျရပါတယ်။

အဲဒီလို ဉာဏ်နှေးကွေးသူတွေထဲမှာ ဗီဇအားဖြင့်ကို ဉာဏ်ရည် နိမ့်ကျလာရတဲ့ လူအချို့ ပါကောင်းပါနိုင်ပေမဲ့ များသောအားဖြင့် သူတို့ကို သီးခြား လေ့လာပြီး သင့်တော်အောင် သင်ကြားပေးမယ် ဆိုရင် ထက်မြက်လာနိုင်တဲ့ လူတွေ တစ်ပြုံကြီးပါဝင်နေပါတယ်။

တစ်ခါ ပညာရှင်များက လေ့လာကြတဲ့အခါ ဘာသွားတွေ့သလဲ ဆိုတော့ ဆင်းရဲတဲ့ မိဘ ပတ်ဝန်းကျင်က လာတဲ့ ကလေးတွေဟာ ဉာဏ်နှေးကွေးတတ်ကြတယ် ဆိုတဲ့ အချက်ပါပဲ။ ဒါဟာ ပတ်ဝန်းကျင် ပံ့ပိုးမှု အားနည်းနေတဲ့ သဘောပေါ့လေ။

ဘာပဲ ဖြစ်ဖြစ်၊ ဉာဏ်နှေးကွေးသူတွေကို အများနဲ့ ရောပြီး စာသင်ကြားဖို့ မသင့်တဲ့အတွက် သူတို့တွေကို သီးခြားသင်တန်းထားပြီး အထူးကျွမ်းကျင်တဲ့ ဆရာတွေနဲ့ သူတို့အတွက် သင့်လျော်တဲ့ စနစ်တွေကို သုံးပြီး သင်ကြားလိုက်ရရင် သူတို့ဟာလည်း နိုင်ငံရဲ့ အဖိုးတန်ရတနာလေးတွေ ဖြစ်လာနိုင်ပါတယ်။

အခြေခံအားဖြင့် ကြည့်မယ်ဆိုရင် ဘယ်ကလေးမဆို ကလေးတိုင်းဟာ မိမိကို အသိအမှတ်ပြုစေချင်ကြတာချည်းပဲ။ ငယ်စဉ်ကတည်းက အိမ်မှာ မိဘဆွေမျိုးရှေ့မှာ တတ်စွမ်းသမျှ


mgyoe.com

mgyoe.com


စွမ်းရည်ကလေးတွေ ထုတ်ပြလို့ လူကြီးတွေက ချီးကျူးထောမနာ ပြုဘာတွေ ပေးပြီ ဆိုရင် ကလေးတိုင်း ကျေနပ်နှစ်သက်ကြ တာပဲ မဟုတ်လား။ သူတို့ မျက်နှာကလေးတွေ ပြုံးရွှင်နေတာ ကို သားငယ် တွေ့ဖူးမှာပါလေ။

အဲဒီ မိမိစွမ်းရည်ကို အသိအမှတ်ပြုစေချင်တဲ့ စိတ်ဟာ ငယ်စဉ်တောင်ကျေး ကလေးဘဝက အိမ်မှာတင် ရပ်တန့်မနေ ဘဲ ကျောင်းအထိလည်း ပါလာတယ်။ ဒီတော့ ကျောင်းခန်းထဲ မှာလည်း စွမ်းရည် ပြသခွင့် ရရမယ်။ ရပြန်ရင်လည်း စွမ်းရည် ကို အသိအမှတ်ပြုတာ ခံရချင်တယ်။

ဒါပေမဲ့ စောစောက အဘ ပြောခဲ့သလို ဉာဏ်နှေးကွေးသူ ဖြစ်နေတော့ စာသင်ခန်းထဲမှာ စွမ်းရည် ပြသခွင့် မရတော့ ဘူး။ ဒီတော့ သဘာဝကျကျပဲ သူ့ကို အရည်အချင်း ရှိသူအဖြစ် ဘယ်သူကမှ အသိအမှတ် မပြုတော့ဘူး။

ဒီတော့ ဘာဖြစ်သလဲ။ သားငယ် သေသေချာချာ နားထောင်။

ကျောင်းခန်းထဲမှာ အသိအမှတ်ပြုခြင်းကို မခံရတဲ့ ကျောင်း သားဟာ အကျင့်ပျက် ဆိုးသွမ်းသူတွေနဲ့ ပေါင်းပြီး ကျောင်းခန်း ပြင်ပမှာ အသိအမှတ်ပြုခြင်းကို ခံရဖို့ ကြိုးစားလာပေလိမ့်မယ်။ လူမှုရေးအရ ဆန့်ကျင်ဘက် အပြုအမူတွေ ပြုပြီး အသိအမှတ် ပြုခြင်းကို ခံယူလိုလာတယ်။ ရှင်းရှင်းပြောရရင် သားငယ်ရယ်၊ သူဟာ လူကောင်းအဖြစ် လူတော် မဖြစ်ရဘူး ဆိုရင် လူဆိုး အဖြစ် လူတော် ဖြစ်ကြောင်း ပြသလိုတယ်ပေါ့လေ။


mgyoe.com

mgyoe.com



အင်္ဂလိပ်ဘာသာစကားမှာ စကားလုံးနှစ်လုံး ရှိတယ်။ နှစ်လုံးစလုံးဟာ 'နာမည်ကြီးခြင်း' ဆိုတဲ့ အဓိပ္ပာယ်ကို ဆောင်တာချည်းပါပဲ။ တစ်လုံးက ဖေးမတ်စ်လို့ ခေါ်တဲ့ *famous* ဖြစ်တယ်။ နောက်တစ်လုံးက နိုတောရီးယပ်စ်လို့ ခေါ်တဲ့ *notorious* ဖြစ်တယ်။ ကျော်စောခြင်း၊ နာမည်ကြီးခြင်းသဘောဆောင်ပေမဲ့ မကောင်းတဲ့ဘက်မှာ နာမည် ကျော်စောရင်တော့ *notorious* လို့ သုံးပါတယ်။

အဲ စောစောက ပြောနေတဲ့ အပယ်ခံ ဉာဏ်နှေးကွေးသူဟာ အကောင်းဘက်မှာ မကျော်စောရတော့ ဆိုးသွမ်းလူငယ်အဖြစ် ကျော်စောချင်လာတယ်။ မကောင်းတဲ့ဘက်မှာ လူတော်အဖြစ် လူ့အဖွဲ့အစည်း အသိုင်းအဝိုင်းရဲ့ အသိအမှတ်ပြုခြင်းကို ခံယူလိုလာတော့တယ်လေ။

လေ့လာသူတွေ တွေ့ရှိချက်က ဆိုးသွမ်းလူငယ်တွေရဲ့ ကျောင်းသားဘဝကို ကြည့်ရင် ညံ့ဖျင်းသူတွေ ဖြစ်ပြီး ကျောင်းထွက်ခဲ့ကြသူတွေ ဖြစ်ကြောင်း တွေ့ရှိကြတယ်လို့ ဆိုတယ်။

ဒါကြောင့် ဉာဏ်နှေးကွေးသူတွေအတွက် သီးခြား အထူးသင်တန်းတွေထားရှိဖို့ လိုအပ်တာကို သားငယ် သဘောပေါက်လောက်ပါပြီ။

ပြီးတော့ စာစီစာကုံးရေးရာမှာ ညံ့ဖျင်းသူဟာ စက်ချုပ်ပညာမှာ အလွန်တော်သူ ဖြစ်ချင်ဖြစ်နိုင်ပါတယ်။ သင်္ချာမှာ သူများကို မလိုက်နိုင်ပေမဲ့ ဂီတပညာမှာ သူများက သူ့ကို မလိုက်နိုင်ဘဲ ဖြစ်ချင်လည်း ဖြစ်နေနိုင်ပါတယ်။ တကယ်တော့ လူ



mgyoe.com

mgyoe.com


တစ်ယောက်ရဲ့ စွမ်းရည်ကို စာသင်ခန်း သင်ရိုးလောက်နဲ့ ပိုင်း ဖြတ်လို့တော့ မရဘူး သားငယ်။

ဘာပဲဖြစ်ဖြစ် စာသင်ခန်းထဲက စာသင်တဲ့ စနစ်ဟာ ကျောင်းသားတွေမှာ ရှိနေတဲ့ သန္ဓေတည်စွမ်းရည်တို့ တိမ်း ညွတ်ရာကို ဖော်ထုတ်နိုင်တဲ့ စနစ်တော့ ဖြစ်သင့်တယ်လို့ အဘ ထင်တယ် သားငယ်။ ကျောင်းသားတွေရဲ့ စွမ်းရည်ကို ဖော် ထုတ်ပြီး အသိအမှတ် ပြုပေးနိုင်တာနဲ့အမျှ အဘတို့ နိုင်ငံမှာ ရာဇဝတ်မှုတွေ၊ လူမှုရေးဒုက္ခတွေ လျော့နည်းမယ်လို့ အဘ တော့ ပြင်းပြစွာ ယုံကြည်တယ်လေ။

မှန်ပါတယ်။ ကလေးတစ်ယောက်ဟာ အမိဝမ်းတွင်းကပင် ဉာဏ်ရည်နိမ့်ကျသူ ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ဉာဏ် နှေးကွေးသူ အားလုံးဟာ ဉာဏ်မရှိကြဘူးလို့ ရှုတ်ချလို့တော့ မရဘူး သားငယ်။ လူမှန် နေရာမှန် အံမဝင်တဲ့ သဘောမျိုး လည်း ဖြစ်နိုင်တယ်။ 'ယောက်ျားတို့ဘုန်း ချိန်ဘုန်းခါသင့် ပန်း နှယ် ပွင့်၏' ဆိုသလို ဉာဏ်ပန်းဟာလည်း အခါမသင့်သေးလို့ မပွင့်တာ ဖြစ်ချင်ဖြစ်နိုင်ပါတယ်။

ဒါကြောင့် ကျောင်းတုန်းက လူတော်တစ်ယောက်ဟာ လုပ် ငန်းခွင်ထဲကျတော့ သိပ်ပြီး အသုံးမတည့်သူ ဖြစ်လာနိုင်သလို ကျောင်းတုန်းက ခပ်ညံ့ညံ့ ထင်ရသူဟာ လုပ်ငန်းခွင်ကျတော့ 'ဘော့စ်' ဖြစ်လာနိုင်တာကို သားငယ် တွေ့ဖူးမှာပါလေ။

ဒီတော့ ကျောင်းမှာ ဖြတ်သန်းလာခဲ့ရတဲ့ သာမန် စစ်ဆေး ချက်တွေဟာ လူတစ်ယောက်အတွက် မလုံလောက်သေးပါဘူး


mgyoe.com

mgyoe.com


လေ။ ကလေးကို ဘယ်ဘက်မှာ ထွန်းတောက်နိုင်တယ် ဆိုတာကို ဖော်ထုတ်ပေးနိုင်တဲ့ စစ်ဆေးချက်မျိုးကို ကြံဆ တီထွင်သင့်ကြပြီ ထင်ပါတယ်။ ဒါမှ လူတိုင်းအတွက် 'နေရာမှန်'ကို ရှာပေးနိုင်မယ်ထင်ပါတယ်။

ဟော ... အခုအခါမှာ နာမည်ကြီးနေတဲ့ 'အိုင်ကျူ' (I.Q) လို့ ခေါ်တဲ့ ဉာဏ်ရည်ပြကိန်းအကြောင်း ပြောဖို့ သင့်လာပြီ။ နောက်စာကျတော့ အဲဒါ ဆွေးနွေးပါ့မယ်လေ။


mgyoe.com

mgyoe.com SAMPLE BOOK

# သဘာဝရဲ့ လက်ဆောင်

သားငယ်

ဒီတစ်ခါတော့ သားငယ်ကို စကားထူးထူးဆန်းဆန်းတွေ ပြောပြချင်တယ်။ နည်းနည်းလည်း လေးနက်သလိုလို ရှိလို့ သားငယ် ပျင်းသွားမလား။ ဘဝ ဆိုတာ ဒီလိုပါပဲ သားငယ်။ ပေါ့ပေါ့နေ၊ ပေါ့ပေါ့တွေးနေလို့ချည်းပဲတော့ ဘဝရဲ့ အနှစ်သာရကို သားတွေ့မှာ မဟုတ်ဘူး။ အဲဒီလို ပေါ့ပေါ့နေတဲ့ လူဟာ ငယ်စဉ်တုန်းကတော့ လေလွင့်ရွက်ဝါလို ဟိုသည် လွင့်မျော၊ မမောနိုင် မပန်းနိုင် ပျော်ရွှင်ခဲ့သပေါ့ကွယ်။ ဒါပေမဲ့ စိတ်သွားတိုင်း ကိုယ်မပါတဲ့အရွယ် ရောက်တော့မှ အဲဒီအကျင့်စရိုက်ကြောင့် ဘဝဟာ ငြီးငွေ့ အန်ဖူးပေးစရာကြီး ဖြစ်လာရတယ်။ ဒီတော့ သားငယ်ကြိုတင် ပြင်ဆင်တဲ့ သဘောနဲ့ သားငယ်က စိတ်သွားတိုင်း ကိုယ်ပါတဲ့ ငယ်ရွယ်စဉ် ကာလကပဲ လေးလေးနက်နက်ကိုလည်း မြည်းစမ်းကြည့်ထားသင့်ပါတယ်။

ကိုယ် ချင်းစာပါတယ် သားငယ်။ အဘဟာ ဆယ်တန်းရောက်တဲ့အထိ မဂ္ဂဇင်းတွေထဲက ဆောင်းပါး ဆိုရင်တောင်



mgyoe.com

mgyoe.com

သိပ် မဖတ်ချင်ခဲ့တာ။ လုံးချင်း ဖြစ်တဲ့ ကျမ်း ဆိုတာကတော့ ဝေးရောပဲ။ မြန်မာလို ရေးထားတဲ့ ကျမ်းတွေကိုတောင် မဖတ်ချင်တာ အင်္ဂလိပ်လိုဆို ပိုပြီး ရှောင်တော့တာပေါ့။

အဲဒါနဲ့ ပတ်သက်လို့ အဘလေ အမိတက္ကသိုလ်ကြီးကို သိပ်ပြီး ကျေးဇူးတင်တာပဲ။ အဘဟာ တက္ကသိုလ်ကျောင်း ရောက်မှ စာအုပ်ထူထူကြီးတွေ ဖတ်ဝံ့လာတယ်။ ရည်ညွှန်း ပြဋ္ဌာန်း စာအုပ်ကြီးတွေ ဖတ်ချင်လာတယ်။ ရှင်းရှင်း ပြောရရင် တက္ကသိုလ်ကျောင်းကြီးက အဘကို စာဖတ်တတ်အောင် လုပ်ပေးခဲ့တယ်။ စာဖတ်ဝါသနာ ပါအောင် လုပ်ပေးခဲ့တယ်။

အခုဆို အဘဟာ ကျမ်းစာအုပ်ကြီးတွေကိုပဲ ဖတ်သလောက် ဖြစ်နေပြီ။ စာငယ် ပေငယ် ဆိုရင်လည်း ဝတ္ထုတွေ ထက် ဆောင်းပါးတွေကို ဖတ်နေတယ်။

ကဲ ... သားငယ်ကတော့ ငယ်စဉ်ကပဲ စာကြီးပေကြီး တွေ ဖတ်လာပြီ ဆိုတော့ အဘဟာ အစမ်းသဘောနဲ့ ခပ်လေးလေး စကားကို ဒီနေ့ ပြောပါရစေလား။

'ဓာတ်' ဆိုတဲ့ စကားလုံးကို သားငယ် ကြားဖူးပါတယ် နော်။ ကောင်းပြီ။ အဲဒီ 'ဓာတ်' ဆိုတာ အဓိပ္ပာယ်က ဘာတဲ့ လဲ။ ဓာတ် ဆိုတာ ပါဠိစကား 'ဓာတု' ဆိုတဲ့ စကားလုံးက ဆင်းသက်လာတာ ဆိုတော့ အဓိပ္ပာယ်ကို ပါဠိဘာသာမှာ ရှာ ရမယ်ပေါ့။

အတ္တနော သဘာဝံ ဓာရေတီတိ ဓာတုတဲ့။

အဓိပ္ပာယ်က 'မိမိရဲ့ သဘာဝကို ဆောင်လို့ ဓာတုလို့


mgyoe.com

mgyoe.com


ခေါ်တယ်' တဲ့။ သူ့သဘော သူ ဆောင်လို့ ဓာတ်လို့ ခေါ်တယ် ပေါ့ကွယ်။

ဒီတော့ ဓာတ်တွေမှာ သူ့သဘာဝကလေးတွေ၊ သူ့စည်းကမ်း ဥပဒေသလေးတွေနဲ့သူ ရှိကြတယ်ပေါ့။ အဲ ... ကမ္ဘာလောကကြီးထဲမှာ ဓာတ်တွေ အများကြီးပဲနော်။ ပြီးတော့ ရုပ်ဓာတ်တွေသာမကဘူး၊ စိတ်ဓာတ်တွေကလည်း ရှိသေး။ ဒီတော့ သားငယ်က မေးမယ်။ ဒီလောက် များလှတဲ့ ဓာတ်တွေထဲမှာ အဘက ဘယ်ဓာတ်အကြောင်း ပြောမှာလဲလို့ သားငယ်က မေးချင်လိမ့်မယ်။

အဘ ပြောချင်တာကတော့ အဘကိုယ်တိုင် နာမည်မခေါ်တတ်တဲ့ ဓာတ်နှစ်ခု အကြောင်းကို ပြောချင်တာပါ။ နာမည်ကို မခေါ်တတ်၊ မျက်စိနဲ့ မမြင်ရတာ မှန်ပေမဲ့ အဲဒီဓာတ်တွေကို ထိတွေ့ ခံစားလို့ ရတာမို့ အဘ ပြောရတာဖြစ်တယ်။

အင်မတန် မြင့်မားတဲ့ တောင်ကြီးတစ်ခုရဲ့ ခြေရင်းကနေ တောင်ထိပ်ကို မော့ကြည့်လိုက်စမ်းပါ။ တောင်ကြီးဟာ ကြီးမားတဲ့ အင်အားနဲ့ ရပ်တည်နေတာကို သားငယ် သိရှိခံစားမိလိမ့်မယ်။ ကြာကြာကလေးသာ ရပ်ကြည့်နေပါ။ တောင်ကြီးဟာ ပိုပြီး ဖိစီးလာတော့မှာလို ခံစားရမယ်။

အဲဒီလို ငေးကြည့် ခံစားနေရင်းက သားငယ် ဘယ်လို ဖြစ်လာမလဲ သိလား။ သားငယ်ကိုယ်တိုင်က အဲဒီတောင်ကြီးလို အင်အားတွေ ပြည့်ဝလာသလို ခံစားရပြီး လူသားတစ်ယောက်

mgyoe.com